**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား॥ ॥**
**ကျောက်တန်းကလေးကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး အဓိကသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ မွေးမြူရေးဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျှမ်းမျှမိုးရေချိန်လက်မမှာ ၈၀မှ ၁၀၀၀န်းကျင်တွင်ရှိပြီး မွေးမြူရေး လုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင် တည်ရှိပြီး ဆားငန်ရေ ဝင်ရောက်မှုအနည်းငယ်ရှိသည်။**

**(ဂ) သဘာဝအရင်းအမြစ်များ ॥ ॥ လယ်ယာမြေ အသင့်အတင့်ရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတမရှိပါ။**

**(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်လက်များ॥ ॥ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၆၂)စုရှိပြီး ကျား (၁၄၇)ဦး၊ မ(၁၆၃)ဦး:ရှိကာ စုစုပေါင်းလူဦးရေ(၃၁၀)ဦး:ရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျှမ်းမျှ လူဦးရေ(၄) ဦး:မှ (၅)ဦးအထိ ရှိပါသည်။ ကျေးရွာတွင် ကရင်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ ၅.၈%ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့် သင်ကြားပေးခြင်း မရှိသောကြောင့် ဒေသစီးပွားရေ:တိုးတက်အောင်စွမ်းဆောင်နိုင်စွမ်းမရှိပါ။ အလုပ်လုပ်နိုင်သော အရွယ်ရှိအမျိုးသမီးဦးရေသည် အမျိုးသား ဦး:ရေထက်လျော့နည်းပါသည်။**

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု॥ ॥ ကျေးရွာ၏ အဓိကဝင်ငွေရ လုပ်ငန်းသည် မွေးမြူရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၇၀%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်အဆင့် အဖြစ်ခံယူကြပြီး ၃၀%သည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု ၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်း စိုက်ပျိုး နိုင်မှု မရှိသောကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ မကောင်းပါဟု ပြောနိုင်ပါသည်။ ၎င်းတို့အနက် ဆင်းရဲ အဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော နှစ်ရှည်ခြံသမားများ လက်လုပ် လက်စား၊ လက်သမားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်ပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၇၀%)ထိရှိကာ ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများ ဖြစ်ကြ ပါသည်။**

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ॥ ॥** ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု များပြားသော်လည်း ရာသီအလိုက် တောင်ယာလုပ်ငန်း၊ လက်သမားလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက် ဗျပ်ထိုးလုပ်ငန်း များ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေ:လုပ်ငန်းများတွင် အလုပ်အကိုင် ရှာဖွေရရှိနိုင်ကြပါသည်။ ကျေးရွာတွင် ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၇၀%ဖြစ်သော (၅၀)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၇၃%မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၁၀%မှာ ၃လမှ ၅လခန့် ၊ ၁၀%မှာ ၆လမှ ၁၂လခန့် သူတစ်ပါးထံမှ ချေးငှါးစရာမလိုဘဲ နပ်မှန် စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေး တင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၃၀၀၀၀)ကျပ်မှ (၃၀၀၀၀၀)ကျပ်အထိ

အရပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ အားလုံးသည် အကြွေးယူထားကြပြီး (၃)သိန်းကျပ်မှ (၅)သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရ ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာ၏ ပညာရေး ကဏ္ဍတွင် မူလတန်းကျောင်းတည်ရှိပြီး တပည့်၊ဆရာအချိုး (၃၀:၁)ဖြင့်** သင်ကြားလျှက်ရှိပါသည်။ **ကျောင်းသူ/ကျောင်းသားများအတွက် ပရိဘောဂနှင့်ကျောင်းအိမ်သာ မလုံလောက်ပါ။ ကျေးရွာတွင် (၆၀'x၄၀'x၁၂') အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေခင်း မူလတန်းကျောင်းဆောင်ရှိပါသည်။ ကျေးရွာ၏ ပညာရေး အဆင့်အတန်းသည် အတော်အသင့် ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေးအဖတ် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါး ပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ကြသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးကို ကမ်းနီကျောင်းခွဲနှင့်ဆင်တွင်းကျောင်းတို့တွင် ပညာသင်ကြားကြသည်။ ကျေးရွာတွင် အခြေခံမူလတန်း ပညာသင်ကြားနေသော ကျောင်းသားဦးရေမှာ ကျား(၂၅)ဦး၊ မ(၂၆)ဦး ရှိပါသည်။**

**ကျောင်းတွင် မူလတန်းပြဆရာမ (၅)ဦးရှိပါသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်း ကျောင်းသားများအတွက် ပြဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုး ပေးခဲ့ပါသည်။ ကျောင်းတွင် ပရိဘောဂလုံလောက်မှုမရှိပါ။**

**ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ ကျေးရွာတွင် သာမန်အားဖြင့် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအတွင်း မရရှိနိုင်ပါ။ မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမမှီပါ။**

**ကျေးရွာတွင် သောက်သုံးရေအတွက် တူးဖော်ထားသော ရေတွင်းများရှိပါသည်။ သုံးရာသီ အလိုက် လုံလောက်စွာ အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာကို တစ်ရွာလုံးနီးပါး ဆောက်လုပ်သုံးစွဲခြင်းမရှိပါ။ ကျေးရွာတွင် အိမ်သာအသုံးပြုသော အိမ်ထောင်စုများမှာ ၄၀%နီးပါးရှိပြီး၊ ကျန်အိမ်ထောင်စုများမှာ တောထိုင်များဖြစ်ကြပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာလုံလောက်မှု မရှိသောကြောင့် ကျောင်းသူကျောင်းသားများအတွက် အသုံးပြု ရန် မလွယ်ကူပါ။**

**ကျေးရွာတွင် ရေတွင်း(၆)တွင်းရှိပြီး ရာသီအလိုက် လုံလောက်စွာ အသုံးပြုနိုင်ပါသည်။ထမင်း၊ဟင်းများချက်ပြုတ်ရန် ရေတွင်းကို အဓိကထားအသုံးပြုကြပါသည်။**

**(ဆ) လူငယ် နှင့် ယဉ်ကျေးမှု။ ။** ကျေးရွာတွင်းတွင် လူငယ်များအပန်းဖြေနိုင်ရန် ဘောလုံးကွင်းရှိပါသည်။ လူငယ်များသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လည်း ပါဝင်ဆောင်ရွက်ကြပါသည်။

**(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး)**

**ကျေးရွာရှိ လမ်းများမှာ မြေသားလမ်းများဖြစ်ပြီး မိုးတွင်းအခါတွင် ရေတိုက်စားမှုကြောင့် ပိုမိုပျက်စီးလာပြီး သွားလာရန် အခက်အခဲများအလွန်ရှိပါသည်။ ၂၀၀၈ခုနှစ်တွင် ပေ၂၄ အရှည်ရှိ ကွန်ကရစ်တံတားကို** UNDP **အဖွဲ့အစည်းမှ တည်ဆောက်ပေးခဲ့ပါသည်။ ယခုလက်ရှိမှာ ပျက်စီး နေသောကြောင့် ထော်လာဂျီများ**

| စဉ် | ကဏ္ဍ/ အကြောင်း အရာ | စီမံချက် | ဦးစား ပေး ရမှတ် | ဦးစား ပေး အဆင့် | စီမံချက် အခွင့်အလမ်း နှင့် ဖော်ပြချက် |
|---|---|---|---|---|---|
| ၁။ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာ ဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်လာအောင် ဆောင်ရွက်ခြင်း | ၃၅ | ၅ | • စိုက်ပျိုးရေးဌာနနှင့် ချိတ် ဆက်၍<br>➢ သီးနှံစိုက်ပျိုးနည်း စနစ်<br>➢ မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်း<br>➢ ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း။ |
| ၂။ | မွေးမြူရေး | မွေးမြူရေးနည်းပညာများ၊ တိရိစ္ဆာန်ရောဂါ ကာကွယ်ရေး၊ ကုသရေး:ဗဟုသုတများ ရရှိအောင်ဆောင်ရွက်ခြင်း။ | ၇၂ | ၄ | • မွေးမြူရေးနည်းပညာပေးခြင်း(မွေး/ကုနှင့် ချိတ်ဆက်၍)<br>• ဆိတ်၊ ကြက်၊ ဝက်မွေးမြူခြင်းဖြင့် မိသားစုဝင်ငွေတိုးအောင် ဆောင်ရွက်ခြင်း။<br>• ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း။<br>• မွေးမြူရေးနည်းပညာများ၊ တိရိစ္ဆာန်ရောဂါ ကာကွယ်ရေး၊ ကုသရေး:ဗဟုသုတများ ရရှိအောင်ဆောင်ရွက်ခြင်း။ |
| ၃။ | လမ်းပန်းဆက် သွယ်ရေး | ကျောက်ခင်းလမ်းခင်းပေးခြင်း(အရှည်(၃)မိုင် ၊ အကျယ် (၁၃)ပေ) | ၁၀၀ | ၁ | ကျေးလက်ဦးစီးဌာန နှင့်ချိတ်ဆက်၍<br>• ကျေးလက်လမ်းပြုပြင်ခြင်း |
| ၄။ | ကျန်းမာရေး | ကျန်းမာရေးဟောပြောပွဲများ၊ စောင့်ရှောက်မှုများပြုလုပ်ပေးခြင်းနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲချပေးခြင်း | ၈၄ | ၂ | • ကျန်းမာရေး:ဦးစီ:ဌာနနှင့် ချိတ်ဆက်၍<br>• ကျန်းမာရေးအသိ ပညာပေးခြင်း<br>• ကျေးလက်ကျန်းမာရေး:ဌာနခွဲ ဆောက်လုပ်နိုင်ရန် မြေနေရာပေးနိုင်ခြင်း<br>• သစ်၊ ဝါး ၊ သဲကျောက်များ ပံ့ပိုးပေးနိုင်ခြင်း။ |
| ၅။ | လျှပ်စစ် | လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း | ၇၁ | ၃ | • မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ချိတ်ဆက်၍<br>• ကျေးရွာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ခြင်း။ |

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ

